# မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**သတ္တုတွင်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၉၅**

ရန်ကုန်မြို့။ ၁၃၅၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကိုဆိုသည်၊

(ခ) **ကျောက်မျက်ရတနာအရိုင်း** ဆိုရာတွင် ခွဲစိတ်ဖြတ်တောက်ပြီးသော ကျောက်မျက်ရတနာအရိုင်းတုံး အပိုင်းအစများလည်း ပါဝင်သည်၊

(ဂ) **ရောင်းချသည့်တန်ဖိုး**ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာ အချောထည် သို့မဟုတ် လက်ဝတ်ရတနာကို လက်ငင်းဖြစ်စေ၊ အကြွေးဖြင့်ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်ရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ရငွေကို လည်းကောင်း၊ ရောင်းချ၍ရရန်ရှိသောငွေကို လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းချင်းလဲလှယ်ရာ၌ သတ်မှတ်သည့် တန်ဖိုးလည်းပါဝင်သည်၊

(ဃ) **ကြေညာလွှာ** ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသူက ဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ နိုင်ငံခြားငွေဖြင့်ရောင်းချသည့်တန်ဖိုးကို ဖော်ပြ၍ ကြေညာသည့်ပုံစံကိုဆိုသည်၊

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေနှင့်အတူ ပူးတွဲ ပါရှိသည့် ပုံစံကိုဆိုသည်၊

(စ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီ၊ အသင်းသို့မဟုတ် ဖော်ထုတ်လုပ်ကွက် လုပ်ကိုင်သူကို ဆိုသည်၊

(ဆ) **လိုင်စင်ရရှိသူ**ဆိုသည်မှာ ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကို ဖြစ်စေ ဆိုင်ခန်းဖွင့်လှစ်၍ နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုသည်၊

(ဇ) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ မြို့နယ်အခွန်ဦးစီးဌာနမှူးကို ဆိုသည်။

အခန်း(၂)

## အဆိုပြုလွှာခေါ်ယူခြင်းနှင့်ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၃။ သတ္တုတွင်းဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၈ အရ သတ်မှတ်ပြီးသော ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် အောက်ပါအချက်အလက်များဖော်ပြလျက် သတင်းစာများတွင် ထည့်သွင်းကြေညာပြီး အဆိုပြုလွှာများတင်သွင်းရန် ခေါ်ယူရမည် -

(က) လုပ်ကိုင်ခွင့်ပြုမည့် လုပ်ကွက်/မြို့နယ်/ဒေသ၊

(ခ) လုပ်ကိုင်ခွင့်ပြုမည့်ကာလ၊

(ဂ) လုပ်ကိုင်ခွင့်ပြုမည့် မြေအကျယ်အဝန်း(ဧရိယာ)၊

(ဃ) တူးဖော်လုပ်ကိုင်ခွင့်ပြုမည့် နည်းစနစ်၊

(င) **အဆိုပြုလွှာပိတ်မည့်ရက်။**

၄။ (က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ အသင်းသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည့်အပြင် ရုံးချုပ်သည် ရန်ကုန်မြို့၌ ရှိရမည်။ ထို့ပြင် သတ္တုတွင်းဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့် ညီညွတ်ရမည်၊

(ခ) အဆိုပြုလွှာတင်သွင်းရန်ကြေညာသည့်အခါ နည်းဥပဒေခွဲ(က)နှင့် ညီညွတ်သော ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ကုမ္ပဏီ သို့မဟုတ် အသင်းသည် အဆိုပြုလွှာ ထုတ်ယူနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် **မှတ်ပုံတင်ကြေးငွေကျပ် ၁၀၀၀ ပေးသွင်းပြီး** မှတ်ပုံတင်ရမည်။

(ဂ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းဥပဒေခွဲ(ခ)အရ မှတ်ပုံတင်ကြေးငွေ ပေးသွင်းပြီးသော ကုမ္ပဏီ (သို့မဟုတ်) အသင်းအား ပုံစံ(မကလ-၁)ဖြင့် မှတ်ပုံတင်ပြီးနောက် အဆိုပြုလွှာပုံစံ (မကလ -၂) ကို ထုတ်ပေးရမည်၊

(ဃ) အဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီ သို့မဟုတ် အသင်း၏ကိုယ်စား လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုး၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာကို ချိတ်ပိတ်တင်သွင်းရမည်။

၅။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ချိတ်ပိတ်တင်သွင်းထားသော အဆိုပြုလွှာများအား အောက်ပါအချက်များကိုအခြေပြု၍ စိစစ်ပြီးနောက် အဆိုပြုလွှာများကို စုစည်းပြီး သတ္တုတွင်းဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည် -

(က) အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီသည် သင်းဖွဲ့မှတ်တမ်းအရ လည်းကောင်း၊ အသင်းသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် ရှိ /မရှိ၊

(ခ) ကုမ္ပဏီ သို့မဟုတ် အသင်း၏ ရုံးချုပ်သည် ရန်ကုန်မြို့၌ ရှိ /မရှိ၊

(ဂ) သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်သည့် စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ /မရှိ၊

(ဃ) အဆိုပြုလွှာနှင့်အတူ ပူးတွဲပါရှိသည့် ငွေရေးကြေးရေး အထောက်အထားများအရ ငွေရေးကြေးရေးခိုင်မာမှု ရှိ /မရှိ၊

(င) ဈေးနှုန်းပေးသွင်းမှု ပမာဏ။

၆။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် တင်ပြလာသည့် အဆိုပြုလွှာများအနက် နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)၊ (ခ) နှင့် (ဂ)ပါ အချက်များနှင့် ညီညွတ်သည့်အပြင် ဈေးအများဆုံးပေးသော ကုမ္ပဏီ သို့မဟုတ် အသင်းအား ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် ရွေးချယ်ရမည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာနမှ ရွေးချယ်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ခွင့်ပြုမိန့် ထုတ်ပေးမည့်အကြောင်းကို ပုံစံ (မကလ-၃) ဖြင့် အကြောင်းကြားရမည်။

၇။ ရွေးချယ်ခံရသည့် ကုမ္ပဏီ သို့မဟုတ် အသင်းသည် အဆိုပြုငွေကို အကြောင်းကြားစာရရှိပြီးသည့်နေ့မှစ၍ တစ်လအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရမည်။

၈။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် -

(က) အဆိုပြုငွေပေးသွင်းပြီးသည့်ကုမ္ပဏီ သို့မဟုတ် အသင်းအား စည်းကမ်းချက်များပါရှိသောပုံစံ (မကလ-၄)ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုမိန့် ထုတ်ပေးထားသည့် ကုမ္ပဏီ နှင့် အသင်းများအား မှတ်တမ်းပြုစုထားရှိရမည်။

၉။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းဥဒေအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုပေးသွင်းရန် ပျက်ကွက်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ရွေးချယ်မှုစာရင်းမှ ပယ်ဖျက်ပြီး နာမည်ပျက်စာရင်းတွင် ထည့်သွင်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။ ထို့ပြင် အဆိုပြုလွှာ အသစ်ခေါ်ယူသည့်အခါ ထိုကုမ္ပဏီ သို့မဟုတ် အသင်းအား ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၁၀။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေ ၈ နည်းဥဒေခွဲ(က)အရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ ၃ လ ကြိုတင်၍ ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ လုပ်ကိုင်ခွင့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်း ကိုပြန်လည်သတ်မှတ်ရမည်။ ထို့နောက် နည်းဥပဒေ ၃ ပါ အချက်အလက်များကို ဖော်ပြလျက် ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရေးအတွက် အဆိုပြုလွှာများကို တင်သွင်းရန် သတင်းစာမှ ပြန်လည်ကြေညာ၍ ခေါ်ယူရမည်၊

(ခ) တင်သွင်းလာသည့် အဆိုပြုလွှာများကို စိစစ်တင်ပြခြင်း၊ ရွေးချယ်ခြင်း၊ ရွေးချယ်ခံရသူအား အကြောင်းကြားခြင်း၊ အဆိုပြုငွေပေးသွင်းခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ မှတ်တမ်းပြုစုထားရှိခြင်းများကို နည်းဥပဒေ ၅၊ ၆၊ ၇ နှင့် ၈ တို့နှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) ဥပဒေ ၁၄ အရ ဖော်ထုတ်လုပ်ကွက်အဖြစ် ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ကိုင်လိုသူသည် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် အသင်းအနေဖြင့်ဖြစ်စေ ခွင့်ပြုမိန့်ထုတ်ပေးရန် ပုံစံ(မကလ-၅)ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းပဒေခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူမှာ ဥပဒေပုဒ်မ ၁၄ အရ လျှောက်ထားပိုင်ခွင့်ရှိသူ ဟုတ်မဟုတ်ကိုလည်းကောင်း၊ လျှောက်ထားသည့်မြေ၌ ကျောက်မျက်ရတနာထွက်ရှိနိုင်သည့် အလားအလာရှိမရှိကိုလည်းကောင်း စိစစ်ပြီးနောက် သဘောထားမှတ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် ဖော်ထုတ်လုပ် ကွက်အဖြစ် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်မြေနေရာများ၊ နေအိမ်အဆောက်အအုံများ ထိခိုက်နစ်နာမှု ရှိနိုင် မရှိနိုင်ကိုလည်းကောင်း၊ သူတစ်ပါး၏လုပ်ကိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုရှိနိုင် မရှိနိုင်ကိုလည်းကောင်း၊ သစ်တောကြိုးဝိုင်းများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများ၊ ထိန်းသိမ်းထားသည့်ဒေသများ၊ အများပြည်သူသုံးလမ်းမကြီးများ၊ သာသနာ့နယ်မြေများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာမြေနေရာများ၊ အဆောက်အအုံများနှင့် လွတ်ကင်းမှုရှိမရှိကိုလည်းကောင်း စုံစမ်းခြင်း၊ စိစစ်ခြင်းနှင့် တိုင်းတာခြင်းများပြုလုပ်ရန် လိုအပ်လျှင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအား တာဝန်ပေးအပ်ရ မည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက်အရ လိုအပ်သောစုံစမ်းမှု၊ စိစစ်မှုနှင့်တိုင်းတာမှုများ ပြုလုပ်ပြီးနောက် သဘောထားမှတ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၃။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေ ၁၁ နှင့် ၁၂ တို့အရ တင်ပြချက်အပေါ် ခွင့်ပြုသင့်ကြောင်းသဘောရလျှင် လုပ်ကိုင်ခွင့်သက်တမ်း ၃ နှစ်အတွက် တစ်ဧကလျှင် အခြေခံဈေးနှုန်း အနည်းဆုံး **ကျပ်ငွေ ၅ သိန်း** သတ်မှတ်ရမည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းဥပဒေခွဲ(က)အရ သတ်မှတ်ချက်ကို လျှောက်ထားသူသို့ ပုံစံ(မကလ-၆) ဖြင့် အကြောင်းကြားရမည်။

၁၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း သည် -

(က) နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသောငွေကို ပေးသွင်းသည့် လျှောက်ထားသူအား စည်းကမ်းချက်များပါရှိသော ပုံစံ(မကလ-၇)ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုမိန့်ထုတ်ပေးသည့် ဖော်ထုတ်လုပ်ကွက်လုပ်ကိုင်သူများကို မှတ်တမ်းပြုစုထားရှိရမည်။

၁၅။ (က) ခွင့်ပြုမိန့်ရရှိသူသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို လုံခြုံစွာထိန်းသိမ်းထားရမည်။ ယင်း ခွင့်ပြုမိန့်သည် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းဖြစ်လျှင် သို့မဟုတ် မထင်မရှားဖြစ်လျှင် ခွင့်ပြုမိန့်မိတ္တူထုတ်ပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ တင်ပြလျှောက်ထားရမည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်၍ သတ်မှတ်သည့်ကျသင့်ငွေကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းစေပြီး ခွင့်ပြုမိန့်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ (က) ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်သူသည် ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၃ လကြိုတင်၍ ခွင့်ပြုမိန့် အသစ်ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ဖော်ထုတ်လုပ်ကွက်ကို ဆက်လက်လုပ်ကိုင်လိုသူ၏ လျှောက်ထားချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်၊

(ဂ) သတ္တုတွင်းဝန်ကြီးဌာနသည် တင်ပြချက်အပေါ် ခွင့်ပြုသင့်ကြောင်း တွေ့ရှိရပါက လုပ်ကိုင်ခွင့်သက်တမ်း ၃ နှစ်အတွက် ဈေးနှုန်းပြန်လည် သတ်မှတ်ပေးရမည်။

၁၇။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် -

(က) နည်းဥပဒေ၁၆ နည်းဥပဒေခွဲ(ဂ)အရ သတ်မှတ်ချက်ကို လျှောက်ထားသူသို့ ပုံစံ(မကလ-၆) ဖြင့် အကြောင်းကြားပြီး သတ်မှတ်ထားသည့်ငွေကို ပေးသွင်းပါက ၎င်းအား ပုံစံ(မကလ-၇) ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်၊

(ခ) ဖော်ထုတ်လုပ်ကွက် ဆက်လက်လုပ်ကိုင်သူများကို မှတ်တမ်းပြုစုထားရှိရမည်။

## အခန်း(၃)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၈။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို တန်ဖိုးဖြတ်နိုင်ရန်နှင့် ရတနာခွန်ပေးဆောင်နိုင်ရန်အလို့ငှာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မြို့နယ်ရုံးခွဲမှတစ်ဆင့်တန်ဖိုးဖြတ်အဖွဲ့သို့တင်ပြရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ တင်ပြရာတွင် အလွယ်တကူ သယ်ယူနိုင်သော ကျောက်မျက်ရတနာအရိုင်းတုံးဖြစ်ပါက တူးဖော်ထုတ်လုပ်ရရှိသည့်နေ့တွင်ပင် ယင်းကျောက်မျက်ရတနာအရိုင်းတုံးကို တင်ပြရမည်။ အလွယ်တကူသယ်ယူခြင်း မပြုနိုင်သော လေးလံကြီးမားသော ကျောက်မျက်ရတနာအရိုင်းတုံးဖြစ်ပါက ယင်းကျောက်မျက်ရတနာအရိုင်းတုံး၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားခန့်မှန်းချက်နှင့် အကျိုးအကြောင်း ဖော်ပြချက်တို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မြို့နယ်ရုံးခွဲမှတစ်ဆင့်တန်ဖိုးဖြတ်အဖွဲ့သို့ အကြောင်းကြားရမည်။ ထိုသို့ အကြောင်းကြားပြီးနောက် တန်ဖိုးဖြတ်အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်၊

(ဂ) တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်သည့် ကျောက်မျက်ရတနာတန်ဖိုးကို မကျေနပ်ပါက ပြင်ဆင်သတ်မှတ်ပေးရန် ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုံစံ(မကလ-၈)ဖြင့် **ဗဟိုကော်မတီ** သို့ တင်ပြခွင့်ရှိသည်၊

(ဃ) ရတနာခွန်ထမ်းဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို တစ်နှစ်တိတိ ရောင်းချသော်လည်း တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်သည့် ကျောက်မျက်ရတနာတန်ဖိုးကိုပင် ရောင်းချ၍ မရလျှင် တန်ဖိုးလျှော့ချ၍ သတ်မှတ်ပေးရေးအတွက် ပုံစံ(မကလ-၉)ဖြင့် ဗဟိုကော်မတီသို့ လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားရာတွင် သတ်မှတ်သည့်တန်ဖိုးဖြတ်ခကို ပေးရမည်။

၁၉။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ပြုလုပ်ရာတွင် အမှန်တကယ် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို ဥပဒေပုဒ်မ ၁၉ အရ ပြည်ပမှ တင်သွင်းလိုပါကသွင်းကုန် လိုင်စင်ရရှိရေးနှင့် အကောက်ခွန်ကင်းလွတ်ခွင့် ရရှိရေးအတွက် ပုံစံ(မကလ-၁၀)ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားရာတွင် တင်သွင်းမည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များနှင့် နိုင်ငံခြားမှ ဈေးနှုန်းအဆိုပြုလွှာကို ပူးတွဲလျှောက်ထားရမည်၊

(ခ) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ ရတနာခွန် ထမ်းဆောင်ပြီးဖြစ်ပါက ဥပဒေပုဒ်မ၁၇ပါ အခွင့်အရေးများရှိသည်။

၂၀။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအရိုင်းများ၊ ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများကို -

(က) ပြည်ပသို့ တင်ပို့ရောင်းချရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် နိုင်ငံခြားငွေဖြင့် အရောင်းသဘောတူညီချက် စာချုပ်ချုပ်ဆို၍ ရောင်းချရမည်။ အရောင်းသဘောတူညီချက်စာချုပ်ကို ပုံစံ(မကလ-၁၁)အား အခြေခံ၍ ဆီလျော်သလို ရေးသားချုပ်ဆိုရမည်။

(ခ) နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရှိသူများအား နိုင်ငံခြားငွေဖြင့် ရောင်းချလိုပါက နိုင်ငံခြားသုံးငွေကို လက်ခံကိုင်ဆောင်ခွင့် လိုင်စင်ကို မြန်မာနိုင်ငံဗဟိုဘဏ် (နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန)မှ လျှောက်ထားရယူရမည်။

၂၁။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ဥပဒေပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(ခ) မြန်မာငွေဖြင့် ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာငွေဖြင့် ရောင်းချသည့်အခါ ကျောက်မျက်ရတနာ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ မြန်မာငွေဖြင့် ရောင်းချပါက ယင်းရောင်းချသည့် တန်ဖိုးနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေများနှင့်အညီ အခွန်ပေးဆောင်ရမည်၊

(ဃ) မြန်မာငွေဖြင့် ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ နိုင်ငံခြားငွေဖြင့် ရောင်းချ၍

နိုင်ငံခြားငွေဖြင့် ရတနာခွန်ပေးဆောင်ပြီးသည့်အခါ အဆိုပါရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(င) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ သတ္တုတွင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲ သို့မဟုတ် သတ္တုတွင်းဝန်ကြီးဌာနက ရောင်းချရန် စီစဉ်ပေးသောနေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချရသည့်အတွက် နိုင်ငံခြားငွေဖြင့် ရတနာခွန်ပေးဆောင်လျှင် သတ္တုတွင်းဝန်ကြီးဌာနသို့ ဝန်ဆောင်ခ ထပ်မံပေးရန်မလို၊

(စ) ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများကို မိမိအစီအစဉ်ဖြင့် နိုင်ငံခြားမှ ရတနာကုန်သည်များကို ဖိတ်ခေါ်၍ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၅)တွင်ပါရှိသည့် ရောင်းချခွင့်ရှိသော နေရာများတွင်သာ ရောင်းချရမည်။ ထိုသို့ ဖိတ်ခေါ်၍ ရောင်းချရာတွင် ကျောက်မျက်ရတနာ တစ်လုံးချင်းတန်ဖိုး သို့မဟုတ် အတွဲလိုက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့်အထက်ရှိပါက သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်သည့်နေရာတွင်သာ ရောင်းချရမည်ဖြစ်ပြီး ထိုသို့ရောင်းချခြင်းမပြုမီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကြိုတင်၍ အသိပေးအကြောင်းကြားရမည်၊

(ဆ) နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရှိသူများအား နိုင်ငံခြားငွေဖြင့် ရောင်းချသည့်အခါ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးသော အရောင်းပြေစာဖြင့်သာ ရောင်းချရမည်။ ထိုသို့ရောင်းချပြီးနောက် တန်ဖိုးကြေညာလွှာကို နည်းဥပဒေ၄၃နှင့်အညီတင်သွင်းရမည်။

(ဇ) ခွင့်ပြုမိန့်သတ်တမ်း မကုန်ဆုံးမီ လုပ်ငန်းရပ်စဲလိုလျှင် ယင်းလုပ်ငန်း မရပ်စဲမီ ၁ လ ကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားရမည်။

## အခန်း(၄)

## လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၂။ (က) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ဆိုင်ခန်း သို့မဟုတ် အရောင်းပြခန်းဖွင့်လှစ်၍ နိုင်ငံခြားငွေဖြင့် ရောင်းချလိုသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည် လိုင်စင်ရရှိရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပုံစံ(မကလ -၁၂)ဖြင့် လျှောက်ထားနိုင်သည်။

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် လိုင်စင်သက်တမ်းကို ပြက္ခဒိန်အလိုက် ၁ နှစ် သတ်မှတ်ရမည်။ သို့ရာတွင် လိုင်စင်လျှောက်ထားသူသည် မိမိ၏ဆန္ဒအရ လိုင်စင်သက်တမ်းကို ၁ နှစ်အတွက်ဖြစ်စေ၊ ၂ နှစ်အတွက်ဖြစ်စေ၊ ၃ နှစ်အတွက် ဖြစ်စေ လျှောက်ထားနိုင်သည်၊

(ဂ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် လိုင်စင်ရရှိရန်လျှောက်ထားသူမှာ နိုင်ငံသားဟုတ်မဟုတ် စိစစ်ပြီး လိုအပ်လျှင် ရောင်းချမည့် ဆိုင်ခန်းနေရာများကိုပါ သွား

ရောက်စစ်ဆေး၍ လိုင်စင်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၃။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေ ၂၂ အရ တင်ပြချက်အပေါ်စိစစ်ပြီး လိုင်စင်ထုတ်ပေးသင့်ကြောင်းတွေ့ရှိပါက လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားရမည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းဥပဒေခွဲ(က)အရ လိုင်စင်ထုတ်ပေးရမည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်အား ခွင့်ပြုသည့် လိုင်စင်သက်တမ်းအတွက် သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်သည့် လိုင်စင်ခငွေကို ပေးသွင်းစေပြီး လိုင်စင်ကို စည်းကမ်းချက်များပါရှိသော ပုံစံ(မကလ-၁၃) ဖြင့် ထုတ်ပေးရမည်။

၂၄။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာပြပွဲများကျင်းပနိုင်ရေးနှင့် အရောင်းခန်းမများတွင်တင်၍ ရောင်းချပေးနိုင်ရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်နိုင်သည်။ ထိုပြပွဲများနှင့် အရောင်းခန်းမများတွင် ကျောက်မျက်ရတနာအရိုင်းများ၊ ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများကိုတင်၍ ရောင်းချလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ရမည်၊

(ခ) သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်နိုင်သည်။ ထိုသို့ ဖွင့်လှစ်ထားသည့် ကျောက်မျက်ရတနာဈေးများတွင် ကျောက်မျက်ရတနာအရိုင်းများ၊ ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများကို မြန်မာငွေအပြင် နိုင်ငံခြားငွေဖြင့် ရောင်းချလိုသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ဆိုင်ခန်းနေရာရရှိရန်နှင့် လိုင်စင်ရရှိရန် ပုံစံ(မကလ -၁၂) ဖြင့် လျှောက်ထားနိုင်သည်၊

(ဂ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းဥပဒေခွဲ(ခ)အရ လျှောက်ထားချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်၊

(ဃ) သတ္တုတွင်းဝန်ကြီးဌာနသည် တင်ပြချက်အပေါ် စိစစ်ပြီး ဆိုင်ခန်းနေရာသတ်မှတ်၍ လိုင်စင်ထုတ်ပေးသင့်သော ကုမ္ပဏီ၊ အသင်းနှင့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ ထိုသို့ရွေးချယ်ရာတွင် ဆိုင်ခန်းအရေအတွက်ကနည်းပြီး လျှောက်ထားသူကများနေလျှင် ဦးစားပေးသင့်သူများကို ရွေးချယ်ရမည်၊

(င) နည်းဥပဒေခွဲ(ဃ) အရ ရွေးချယ်ခြင်းခံရသူများအား လိုင်စင်ထုတ်ပေးရန် အကြောင်းကြားခြင်း၊ လိုင်စင်ထုတ်ပေးခြင်းတို့ကို နည်းဥပဒေ ၂၃ နှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ (က) လိုင်စင်ရရှိသူသည် မူရင်းလိုင်စင်ကို လုံခြုံစွာ ထိန်းသိမ်းထားရမည်ဖြစ်ပြီး လိုင်စင်ဓာတ်ပုံမိတ္တူတစ်စောင်ကို အရောင်းဆိုင်တွင် မြင်သာသည့်နေရာ၌ ထားရှိရမည်။ မူရင်းလိုင်စင် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် မထင်မရှားဖြစ်လျှင် လိုင်စင်မိတ္တူထုတ်ပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ တင်ပြလျှောက်ထားရမည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် လိုင်စင်မိတ္တူထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်၍ လိုင်စင်မိတ္တူပေးသင့်ကြောင်း တွေ့ရှိပါက ကျသင့်ငွေကို ပေးသွင်းစေပြီး လိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၆။ (က) လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ၃ လကြိုတင်၍ လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် လိုင်စင်သက်တမ်းကို နည်းဥပဒေ ၂၂ နှင့်အညီ လျှောက်ထားနိုင်သည်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားသူက လိုင်စင်စည်းကမ်းကို တိကျစွာလိုက်နာခဲ့ကြောင်း စိစစ်တွေ့ရှိရပါက ၎င်းအား နည်းဥပဒေ၂၃ နည်းဥပဒေခွဲ(ခ)နှင့်အညီ လိုင်စင်ထုတ်ပေးရမည်။

(ဂ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီ၊ အသင်းနှင့် ပုဂ္ဂိုလ်များ၏စာရင်းကို မှတ်တမ်းပြုစုထားရှိရမည်။

အခန်း(၅)

## လိုင်စင်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

၂၇။ လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာအရိုင်းများ၊ ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများကို နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရှိသူများအား နိုင်ငံခြားငွေဖြင့်ရောင်းချလိုပါက နိုင်ငံခြားသုံးငွေလက်ခံကိုင်ဆောင်ခွင့်လိုင်စင်ကို မြန်မာနိုင်ငံဗဟိုဘဏ် (နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန)မှ လျှောက်ထားရယူရမည်။

၂၈။ လိုင်စင်ရရှိသူသည် ခွင့်ပြုမိန့်ရရှိသူထံမှ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်ရှိသည်။ နိုင်ငံခြားငွေဖြင့်ဝယ်ယူသည့်အခါ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးသည့် အရောင်းပြေစာဖြင့်သာ ဝယ်ယူရမည်။ ထိုသို့ဝယ်ယူရာတွင် ရတနာခွန်ပေးဆောင်ပြီးကြောင်း စာရွက်စာတမ်း အထောက်အထားနှင့် အရောင်းပြေစာမူရင်းကို လက်ဝယ်ရယူထားရမည်။ ခွဲစိတ်ဖြတ်တောက်ပြီးသော ကျောက်မျက်ရတနာအရိုင်းတုံးများကို ဝယ်ယူခြင်းဖြစ်ပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့်အတိုင်း စာရွက်စာတမ်းအထောက်အထားများကို လက်ဝယ်ရယူထားရမည်။

၂၉။ လိုင်စင်ရရှိသူသည် ရတနာခွန်ပေးဆောင်ပြီးကြောင်း စာရွက်စာတမ်းအထောက်အထားနှင့် သတ်မှတ်ထားသည့် စာရွက်စာတမ်းအထောက်အထားများရှိပါက ကျောက်မျက်ရတနာအရိုင်းကို သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ -

(က) လက်ဝယ်ထားခြင်း၊ သိုလှောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ပြည်တွင်း၌သယ်ယူပို့ဆောင်ခြင်း၊ အခြားပစ္စည်းနှင့်လဲလှယ်ခြင်း၊ ပေးကမ်းခြင်းပြုနိုင်သည်၊

(ခ) ခွဲစိတ်ဖြတ်တောက်ခြင်း၊ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်း၊ သွေးခြင်း၊ ပုံဖော်ခြင်း လက်ဝတ်ရတနာပြုလုပ်ခြင်း ပြုနိုင်သည်၊

(ဂ) နိုင်ငံသားများအား မြန်မာငွေဖြင့် ရောင်းချခြင်း၊ နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်ရှိသူများအား နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းပြုနိုင်သည်။

၃၀။ လိုင်စင်ရရှိသူသည် -

(က) ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများကို သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လက်ဝယ်ထားခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ နိုင်ငံသားများအား မြန်မာငွေဖြင့် ရောင်းချခွင့်၊ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရှိသူများအား ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)အရ သတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချခွင့်ရှိသည်၊

(ခ) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ သတ္တုတွင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲသို့မဟုတ် သတ္တုတွင်းဝန်ကြီးဌာနက ရောင်းချရန်စီစဉ်ပေးသောနေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချရသည့်အတွက် နိုင်ငံခြားငွေဖြင့် ရတနာခွန်ပေးဆောင်လျှင် သတ္တုတွင်းဝန်ကြီးဌာနသို့ ဝန်ဆောင်ခ ထပ်မံပေးရန်မလို။

၃၁။ လိုင်စင်ရရှိသူသည် -

(က) ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်၊

(ခ) နိုင်ငံခြားငွေဖြင့် ရောင်းချသည့်အခါ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသည့် အရောင်းပြေစာဖြင့်သာ ရောင်းချရမည်၊

(ဂ) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ မြန်မာငွေဖြင့် ရောင်းချပါက ယင်းကဲ့သို့ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲအခြားဥပဒေများနှင့်အညီ အခွန်ပေးဆောင်ရမည်၊

(ဃ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲလိုလျှင် ယင်းလုပ်ငန်း မရပ်စဲမီ ၁ လ ကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားရမည်။

အခန်း(၆)

## တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၂။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ဥပဒေပုဒ်မ ၂၄ အရ လိုအပ်သည့်နေရာဒေသအလိုက် တန်ဖိုးဖြတ်အဖွဲ့များ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်အနည်းဆုံး ၅ ဦးဖြင့် ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် တန်ဖိုးဖြတ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်၊

(ခ) လိုအပ်သောဒေသများအတွက် တန်ဖိုးဖြတ်အဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သီးခြားသတ်မှတ်ပေးနိုင်သည်။

၃၃။ အစိုးရဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် သတ္တုတွင်းဝန်ကြီးဌာနမှ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။ ယင်းစရိတ်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အသုံးစရိတ်မှ ကျခံရမည်။

၃၄။ (က) တန်ဖိုးဖြတ်အဖွဲ့သည် ကျောက်မျက်ရတနာ တန်ဖိုးသတ်မှတ်ခြင်းကို အနည်းဆုံး ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ဆောင်ရွက်ရမည်၊

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ ဥက္ကဋ္ဌသည် ရက်သတ္တတစ်ပတ်အတွင်း တန်ဖိုးသတ်မှတ်ရန် လိုအပ်ပါက အစည်းအဝေးကို အချိန်မရွေးခေါ်ယူခွင့်ရှိသည်၊

(ဂ) တန်ဖိုးဖြတ်အဖွဲ့၏အဖွဲ့ဝင် ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်၊

(ဃ) တန်ဖိုးဖြတ်အဖွဲ့သည် အစည်းအဝေး တက်ရောက်သည့် အဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့် တန်ဖိုးသတ်မှတ်ရမည်၊

(င) တန်ဖိုးဖြတ်အဖွဲ့သည် တန်ဖိုးဖြတ်ရာတွင် လိုအပ်ပါက ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများကို ဖိတ်ကြား၍ အကြံဉာဏ် တောင်းခံနိုင်သည်၊

(စ) တန်ဖိုးဖြတ်အဖွဲ့သည် အစည်းအဝေးမှတ်တမ်းမိတ္တူကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့ရမည်။

၃၅။ တန်ဖိုးဖြတ်အဖွဲ့သည် ခွင့်ပြုမိန့်ရရှိသူက အလွယ် တကူတင်ပြခြင်းမပြုနိုင်သည့် လေးလံကြီးမားသော ကျောက်မျက်အရိုင်းတုံးကို တူးဖော်ရရှိကြောင်း အကြောင်းကြားလာပါက နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ထိုကျောက်မျက်ရတနာအရိုင်းတုံး တည်ရှိရာနေရာဒေသသို့ သွားရောက်ကြည့်ရှု စစ်ဆေးရမည်။ ထို့ပြင် ကျောက်မျက်ရတနာအရိုင်းတုံး၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို မှတ်တမ်းပြုစုပြီး မှတ်ပုံတင်ခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်းများ ပြုလုပ်ရမည်။ ယင်းတန်ဖိုးသတ်မှတ်ချက်အပေါ် ရတနာခွန်ကောက်ခံနိုင်ရန် သတ္တုတွင်းဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာမြို့နယ်ရုံးခွဲသို့ အကြောင်းကြားစာပေးပို့ပြီး တန်ဖိုးသတ်မှတ်ချက် မိတ္တူတစ်စောင်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့ရမည်။

၃၆။ တန်ဖိုးဖြတ်အဖွဲ့သည် မိမိထံလာရောက်ပြသသော ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို ပုံစံ (မကလ-၁၄) ရေးသွင်းမှတ်ပုံတင်၍ တန်ဖိုးသတ်မှတ်ရမည်။ ယင်းပုံစံမိတ္တူကို ခွင့်ပြုမိန့်ရရှိသူအား ထုတ်ပေးရမည်။ ထို့ပြင် တန်ဖိုးသတ်မှတ်ချက်အပေါ် ရတနာခွန်ကောက်ခံနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာမြို့နယ်ရုံးခွဲသို့ အကြောင်းကြားစာပေးပို့ပြီး မိတ္တူတစ်စောင်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့ရမည်။

၃၇။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် တန်ဖိုးဖြတ်အဖွဲ့ဝင်များ၏ စာရင်းနှင့်တန်ဖိုးဖြတ်အဖွဲ့ဝင်များက ပေးပို့လာသော အစည်းအဝေးမှတ်တမ်းများ၊ တန်ဖိုးသတ်မှတ်ချက်များကို စုပေါင်းထိန်းသိမ်းထားရှိရမည်။

၃၈။ တန်ဖိုးဖြတ်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ **လာရောက်ပြသမှတ်ပုံတင်ခြင်းမပြုဘဲ** မသမာမှုပြုကြောင်း သတင်းရရှိပါက ထိုသူအား စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူနိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည့်အပြင် ဥပဒေပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)အရ ပြစ်မှုကြောင်းဖြင့် အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသို့ ပထမသတင်းပေး တိုင်ကြားချက်ပြုလုပ်ရမည်။

## အခန်း(၇)

## ရတနာခွန်

၃၉။ ခွင့်ပြုမိန့်ရရှိသူသည် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းတုံးကို တန်ဖိုးဖြတ်အဖွဲ့က တန်ဖိုးသတ်မှတ်ပြီး ယင်းတန်ဖိုးသတ်မှတ်ချက်အပေါ် အခြေပြု၍ ဥပဒေပုဒ်မ ၂၇ နှင့်အညီ မှတ်ပုံတင်ပြီး ၇ ရက်အတွင်း ပုံစံ (မကလ-၁၅)ကိုအသုံးပြု၍ သတ္တုတွင်းဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာမြို့နယ်ရုံးခွဲသို့ မြန်မာငွေဖြင့်ရတနာခွန်ပေးဆောင်ရမည်။

၄၀။ (က) သတ္တုတွင်းဝန်ကြီးဌာနသည် ရတနာခွန်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ အရစ်ကျပေးသွင်းခွင့်အတွက် အနိမ့်ဆုံး ရတနာခွန်ငွေပမာဏကို သတ်မှတ်ထားရမည်။ ထို့ပြင် အရစ်ကျပေးသွင်းရမည့်အကြိမ်နှင့် ကာလတို့ကိုလည်း ရတနာခွန်ငွေပမာဏအလိုက် သတ်မှတ်ထားရမည်၊

(ခ) ခွင့်ပြုမိန့်ရရှိသူသည် မြန်မာငွေဖြင့် ပေးဆောင်ရမည့် ရတနာခွန်ကို နည်းဥပဒေခွဲ(က)အရ သတ်မှတ်ချက်နှင့်အညီ တစ်ကြိမ်တည်းပေးဆောင်ခြင်းမပြုဘဲ အရစ်ကျပေးသွင်းခွင့်ရှိသည်။

၄၁။ လိုင်စင်ရယူထားခြင်းမရှိသော ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ နိုင်ငံခြားငွေဖြင့်ရောင်းချလျှင် ငွေလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ နိုင်ငံခြားငွေလုပ်ကိုင်ခွင့်ရှိသော ဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းသို့ ငွေသွင်းချလန်ပုံစံ (မကလ- ၁၆)ဖြင့် ငွေပေးသွင်းပြီး ယင်းပုံစံမိတ္တူကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနသို့ ပေးပို့ရမည်။

၄၂။ လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ နိုင်ငံခြားငွေဖြင့်ရောင်းချပါက ထိုသို့ရောင်းချသည့်လကုန်ဆုံးပြီး ၁၀ရက်အတွင်း သက်ဆိုင်ရာ နိုင်ငံခြားငွေလုပ်ကိုင်ခွင့်ရှိသော ဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းသို့ ငွေသွင်းချလန်ပုံစံ(မကလ-၁၆)ဖြင့် ငွေပေးသွင်းပြီး ယင်းပုံစံမိတ္တူကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနသို့ ပေးပို့ရမည်။

၄၃။ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးသည်-

(က) ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက အမှန်တကယ် ရောင်းချ၍ရရှိသည့် တန်ဖိုးထက် လျော့၍ အရောင်းပြေစာတွင် ဖော်ပြထားကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိသည့်အခါ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ် လိုအပ်သည့် ရတနာခွန်ကို ပေးဆောင်စေရန် ရတနာခွန်စည်းကြပ်တောင်းခံလွှာ ပုံစံ (မကလ-၁၇)ဖြင့် ပေးပို့၍ တောင်းခံရမည်၊

(ခ) ရတနာခွန်ပေးဆောင်ရမည့်သူက မရိုးမဖြောင့်သောသဘောဖြင့် ရတနာခွန်ကိုလျော့၍ ထမ်းဆောင်ထားကြောင်း သို့မဟုတ် လုံးဝ ရတနာခွန်ပေးဆောင်ခြင်းမပြုဘဲ လိမ်လည်တိမ်းရှောင်နေကြောင်း အထောက်အထားတွေ့ရှိလျှင် မည့်သည့်အချိန်တွင်မဆို ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်ဖြင့် ထိုသူ့ထံသို့ ရတနာခွန်စည်းကြပ်တောင်းခံလွှာ ပုံစံ (မကလ-၁၇)ဖြင့် ပေးပို့၍ တောင်းခံရမည်။

၄၄။ နိုင်ငံခြားငွေ လုပ်ကိုင်ခွင့်ရှိသော သက်ဆိုင်ရာဘဏ် နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများသည် -

(က) ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ပေးသွင်းသည့် နိုင်ငံခြားငွေများအနက်မှ ၁၀ ရာခိုင်နှုန်းကို ရတနာခွန်အဖြစ် နုတ်ယူရမည်၊

(ခ) ၎င်းတို့ထံမှ တိုက်ရိုက်ငွေလွှဲစနစ် သို့မဟုတ် ငွေလွှဲစာတမ်းဖြင့် ရောင်းချသည့်ကိစ္စရပ်များတွင် နိုင်ငံခြားငွေဖြင့် ရောင်းရငွေအပေါ်တွင် ၁၀ ရာခိုင်နှုန်းကို ရတနာခွန်အဖြစ် နုတ်ယူရမည်၊

၄၅။ နိုင်ငံခြားငွေ လုပ်ကိုင်ခွင့်ရှိသော သက်ဆိုင်ရာဘဏ် နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ရတနာခွန်အဖြစ် နုတ်ယူထားသည့် နိုင်ငံခြားငွေများနှင့် စပ်လျဉ်း၍ -

(က) သတ္တုတွင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲတွင် ဖြစ်စေ၊ သတ္တုတွင်းဝန်ကြီးဌာနက ရောင်းချရန်စီစဉ်ပေးသော နေရာတွင်ဖြစ်စေ ရောင်းချ၍ရသော နိုင်ငံခြားငွေဖြစ်ပါက နုတ်ယူထားသော ရတနာခွန် ၁၀ ရာခိုင်နှုန်းအနက်မှ ၇ ရာခိုင်နှုန်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနသို့လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ ဝန်ဆောင်ခ ၃ ရာခိုင်နှုန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့လည်းကောင်း လွှဲပြောင်းပေးနိုင်ရန် ငွေပေးအမိန့်ထုတ်ပေးရမည်၊

(ခ) သတ္တုတွင်းဝန်ကြီးဌာန၏ ဝန်ဆောင်ခပေးရန်မလိုသည့် သက်ဆိုင်ရာက ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုထားသည့် ဆိုင်ခန်းနေရာများတွင် ရောင်းချ၍ရသော နိုင်ငံခြားငွေဖြစ်ပါက နုတ်ယူထားသော ရတနာခွန် ၁၀ ရာခိုင်နှုန်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရန် ငွေပေးအမိန့် ထုတ်ပေးရမည်။

၄၆။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနသည် ရတနာခွန်ပြန်အမ်းငွေပေးရန် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြန်အမ်းငွေပေးရန်ရှိသည့် ရတနာခွန်ထမ်း ဆောင်ထားသူထံသို့ ပြန်အမ်းငွေပေးရန်ရှိကြောင်း ပုံစံ(မကလ-၁၈)ဖြင့် အကြောင်းကြားရမည်၊

(ခ) ရတနာခွန်ထမ်းဆောင်ထားသူအား ပြန်အမ်းငွေပေးရန်ရှိလျှင် ထိုသူထံမှ ရတနာခွန်ကောက်ခံရန်ရှိပါက ယင်းပေးငွေမှ ပြန်အမ်းငွေကို ခုနှိမ်၍ ကောက်ခံရမည်၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ခုနှိမ်၍ကောက်ခံရာတွင် ပြန်အမ်းငွေကို တစ်ကြိမ်တည်း ခုနှိမ်နိုင်ခြင်း မရှိသည့်အပြင် ပြန်အမ်းငွေပေးရန်ရှိသည့် ရတနာခွန်ထမ်းဆောင်ထားသူထံမှ ထပ်မံ၍ ရတနာခွန်ကောက်ခံရန်ရှိပါက ဆက်လက်၍ ကျသင့်သော ရတနာခွန်များမှ အရစ်ကျခုနှိမ်၍ ကောက်ခံရမည်၊

(ဃ) ပြန်အမ်းငွေထုတ်ပေးရန် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ၁ နှစ်အတွင်း ပြန်အမ်းငွေတောင်းခံမှသာလျှင် ပြန်အမ်းငွေထုတ်ပေးရမည်။

၄၇။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လုံလောက်သော အကြောင်းမရှိဘဲ သတ်မှတ်ထားသောရက် သို့မဟုတ် တိုးမြှင့်ပေးသောရက်ထက် ကျော်လွန်၍ ရတနာခွန်ပေးဆောင်ပါက သက်ဆိုင်ရာရတနာခွန်ပေးဆောင်မှု သို့မဟုတ် စည်းကြပ်မှုအရ

ပေးသွင်းရမည့်ရတနာခွန်၏ ၁၀ ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ထိုသူထံမှ ကောက်ခံနိုင်သည်၊

(ခ) ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ် ပေးဆောင်ရမည့် ရတနာခွန်ကို လုံးဝထမ်းဆောင်ခြင်းမပြုလျှင်ဖြစ်စေ၊ တမင်လျှော့၍ ပေးဆောင်လျှင်ဖြစ်စေ ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)အရ အရေးယူအပြစ်ပေးခြင်း ခံရမည်။

၄၈။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနက နည်းဥပဒေ ၄၃ အရ စည်းကြပ်သည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ရတနာခွန်ပမာဏ မည်မျှပင်ရှိစေကာမူ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။

၄၉။ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ နည်းဥပဒေ ၄၃ အရ စည်းကြပ်သည့်အမိန့်ကိုလည်းကောင်း၊ ပြည်နယ်/တိုင်းအခွန် ဦးစီးဌာနမှူး၏ အယူခံအမိန့်ကိုလည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ ပြန်လည်စိစစ်၍ သင့်လျော်သောအမိန့်ကို ချမှတ်နိုင်သည်။

## အခန်း(၈)

## လုပ်ငန်းစစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၅၀။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများကို နိုင်ငံခြားငွေဖြင့် ရောင်းချသည့်လုပ်ငန်းများအား လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန၊ **စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာနမှ သင့်လျော်သောအရာရှိများကို** စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) မိမိလုပ်ပိုင်ခွင့်များကို စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

(ဂ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သီးခြားသတ်မှတ်ပေးနိုင်သည်။

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းကို ကြီးကြပ်ကွပ်ကဲရမည်။

၅၁။ စစ်ဆေးရေး အရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်းရှိ မရှိ စစ်ဆေးရမည်၊

(ခ) ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို သက်ဆိုင်ရာတန်ဖိုးဖြတ်အဖွဲ့တွင် **သွားရောက်ပြသ၍** မှတ်ပုံတင်ခြင်း ရှိ မရှိ၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှုရှိမရှိနှင့် စပ်လျဉ်း၍ စစ်ဆေးနိုင်သည်၊

(ဂ) ခွင့်ပြုမိန့်ရရှိသူနှင့်လိုင်စင်ရရှိသူတို့က ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာများကိုဖြစ်စေ နိုင်ငံခြားငွေဖြင့် ရောင်းချရာ၌

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသော အရောင်းပြေစာတွင် အမှန်တကယ် ရောင်းချသည့်တန်ဖိုး ဟုတ် မဟုတ်ကို စစ်ဆေးနိုင်သည်၊

(ဃ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှု စစ်ဆေးရမည်။

၅၂။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် ကျောက်မျက်ရတနာလုပ်ကွက်၏ မည်သည့်နေရာသို့မဆို ဝင်ရောက်ခြင်း၊ မြေတိုင်းခြင်း၊ စစ်ဆေးခြင်းကို နေ့ညမရွေး သင့်လျော်ရာ မည်သည့်အချိန်တွင်မဆို ပြုလုပ်နိုင်သည်။ သို့ရာတွင် ထိုသို့ဝင်ရောက်ခြင်း၊ မြေတိုင်းခြင်း၊ စစ်ဆေးခြင်းသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းအား မလိုအပ်ဘဲ တားဆီးနှောင့်ယှက်ခြင်း သို့မဟုတ် ပိတ်ပင်ခြင်းမျိုးမဖြစ်စေရ။

၅၃။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးစဉ် ရယူထားသော လုပ်ငန်းဆိုင်ရာမှတ်တမ်း စာအုပ်စာတမ်းများ၊ စာရင်းများ၊ ယင်းတို့၏ မိတ္တူများ၊ ကောက်နုတ်ချက်များနှင့် သတင်းအချက်အလက်များအား လျှို့ဝှက်အဖြစ်ထားရမည်။

အခန်း (၉)

**အထွေထွေ**

၅၄။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသော အရောင်းပြေစာကို အသုံးပြု၍ နိုင်ငံခြားငွေဖြင့် ရောင်းချသည်ကို ဝယ်ယူသူသည် အဆိုပါ အရောင်းပြေစာဖြင့် ဝယ်ယူသည့် ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများကို ပြည်ပသို့ တရားဝင်ထုတ်ယူခွင့်ရှိသည်။

၅၅။ မည်သူမဆို ကျောက်မျက်ရတနာအရိုင်းတုံးများကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၆။ သတ္တုတွင်းဝန်ကြီးဌာနသည် လိုအပ်လျှင် ကျောက်မျက်ရတနာအရိုင်းများကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ သယ်ယူပို့ဆောင်ခွင့်ရှိသည့်ဒေသများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ပုံ)ကျော်မင်း
ဒုတိယဗိုလ်ချုပ်ကြီး
ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**ပုံစံ (မကလ - ၁)**

**ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန်အတွက် အဆိုပြုလွှာထုတ်ယူသည့်**

**ကုမ္ပဏီ နှင့် အသင်းများ မှတ်ပုံတင်စာရင်း**

**( မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ ၄ )**

| စဉ် | ရက်စွဲ | ကုမ္ပဏီ/အသင်းအမည် မှတ်ပုံတင်အမှတ်နှင့်လိပ်စာ | ကုမ္ပဏီ/အသင်း၏ ကိုယ်စားလျှောက်ထားသူ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | အမည်နှင့် ရာထူး | နိုင်ငံသားစိစစ်ရေး လက်မှတ်အမှတ် | အဖအမည် | လိပ်စာ | လက်မှတ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

**ပုံစံ(မကလ-၂)**

အမှတ်စဉ်.........

**ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန်**

**အဆိုပြုလွှာ**

(မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေ-၄)

သို့

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတ္တုတွင်းဝန်ကြီးဌာန

ရန်ကုန်မြို့။

ရက်စွဲ၊.............................

ကျွန်တော်/ကျွန်မ.............................................................သည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းပညာများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်လိုပါသဖြင့် အောက်ပါအချက်အလက်များကို ဖော်ပြပြီး လျှောက်ထားအပ်ပါသည် -

၁။ **ကုမ္ပဏီ/ အသင်းကိုယ်စား လက်မှတ်ရေးထိုး လျှောက်ထားသူ**

(က) အမည်/ရာထူးတာဝန် ........................................................................................................................

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် ...............................................................................................................

(ဂ) နိုင်ငံသားစိစစ်ရေးလက်မှတ်အမှတ် ....................................................................................................

(ဃ) နေရပ်လိပ်စာ ....................................................................................................................................

၂။ **ကုမ္ပဏီ/အသင်း**

(က) အမည်.............................................................................................................................................

(ခ) မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ .............................................................................................................

(ဂ) ခွင့်ပြုမတည်ငွေရင်း/ ထည့်ဝင်ပြီးမတည်ငွေရင်း......................................................................................

(ဃ) အစုရှယ်ယာဝင်ဦးရေ.........................................................................................................................

(င) အစုရှယ်ယာပမာဏ ..........................................................................................................................

(စ) ကုမ္ပဏီဒါရိုက်တာများ/ အသင်းအုပ်ချုပ်သူများအမည်...............................................................................

........................................................................................................................................................

........................................................................................................................................................

၃။ **ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ -**

(က) ထုတ်လုပ်မည့် ကျောက်မျက်ရတနာအမျိုးအစား ..............................

(ခ) လုပ်ကိုင်လိုသည့် ကျောက်မျက်ရတနာနယ်မြေ၊ ဒေသ ..............................

(ဂ) လုပ်ကိုင်လိုသည့် လုပ်ကွက် ..............................

(ဃ) လုပ်ကိုင်လိုသည့် မြေအကျယ်အဝန်း(ဧရိယာ) ..............................

(င) တူးဖော်မည့် နည်းစနစ် ..............................

(စ) စက်ကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းတန်ဖိုးပမာဏ ..............................

(ဆ) အဆောက်အအုံ တန်ဖိုးပမာဏ ..............................

၄။ **လုပ်ကိုင်လိုသည့် လုပ်ကွက်အတွက် ပေးသွင်းမည့် အဆိုပြုငွေပမာဏ -**

.............................. (ကျပ် .............................. တိတိ)

၅။ **နိုင်ငံခြားမှ တင်သွင်းရန် အစီအစဉ်ရှိသည့် ပစ္စည်းများ -**

(က) စက်ကိရိယာ/စက်ပစ္စည်းအမျိုးအစားနှင့်အရေအတွက် ..............................

(ခ) ကုန်ကြမ်းပစ္စည်း/အခြားပစ္စည်းများနှင့်အရေအတွက် ..............................

၆။ အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် -

(က) ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း အထောက်အထားများ၊

(ခ) လုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီ/အသင်း၏ ဆုံးဖြတ်ချက် မှတ်တမ်းနှင့် ကုမ္ပဏီ/အသင်းကိုယ်စား လက်မှတ်ရေးထိုးခွင့် ဆုံးဖြတ်ချက်များ၊

(ဂ) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း ဓာတ်ပုံမိတ္တူ/သမဝါယမအသင်း၏ ဖွဲ့စည်းမှု စည်းကမ်းဓာတ်ပုံမိတ္တူ။

**လက်မှတ်** ..............................

**အမည်** ..............................

**ရာထူး/တာဝန်** ..............................

မှတ်ချက်။ ။မသက်ဆိုင်သည့် စာသားကိုဖျက်ရန်။

ပုံစံ(မကလ-၃)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**သတ္တုတွင်းဝန်ကြီးဌာန**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**ရန်ကုန်မြို့**

**ခွင့်ပြုမိန့်ထုတ်ပေးမည့်အကြောင်း အကြောင်းကြားစာ**

(မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ ၆)

စာအမှတ်၊

ရက်စွဲ၊

သို့

..................................................

..................................................

..................................................

အကြောင်းအရာ။ ။ခွင့်ပြုမိန့်ထုတ်ပေးမည့်အကြောင်း အကြောင်းကြားခြင်း။

၁။ ကျောက်မျက်ရတနာလုပ်ငန်းကြီးကြပ်ရေးဗဟိုကော်မတီ၏ .......ခုနှစ်၊ ...............လ၊ ...............ရက်နေ့တွင် ကျင်းပပြုလုပ်သော ( )ကြိမ်မြောက် အစည်းအဝေးမှ ဦး/ဒေါ် ...............၊အမျိုးသားမှတ်ပုံတင်အမှတ် ...................... လျှောက်ထားသော ..............................လုပ်ကွက်အတွက် အဆိုပြုငွေကျပ် ..................................................... (ကျပ် ...............................................တိတိ)ဖြင့် လုပ်ကိုင်ခွင့်ချထားရန် ရွေးချယ်ပြီးဖြစ်ပါ၍ ဤအမှာစာ ထုတ်ပြန်သည့်နေ့မှတစ်လ( )နေ့အတွင်း အဆိုပြုတန်ဖိုးငွေများကို လာရောက်ပေးသွင်းပြီး ခွင့်ပြုမိန့်လက်မှတ်ထုတ်ယူရေးအတွက် အမြန်ဆောင်ရွက်ပါရန် အကြောင်းကြားအပ်ပါသည်။

၂။ အကယ်၍ သတ်မှတ်ကာလအတွင်း ငွေပေးသွင်းရန် ပျက်ကွက်ပါက ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုသည့်အပြင် ရွေးချယ်မှုစာရင်းမှ ပယ်ဖျက်ပြီး နာမည်ပျက်စာရင်း တင်သွင်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အပြင် နောင်တွင် အဆိုပြုလွှာများ ထပ်မံခေါ်ယူသည့်အခါ ထည့်သွင်းစဉ်းစားခြင်းပြုမည် မဟုတ်ပါကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**

ပုံစံ(မကလ-၄)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**သတ္တုတွင်းဝန်ကြီးဌာန**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

ရန်ကုန်မြို့

**ကျောက်မျက်ရတနာထုတ်လုပ်ငန်းလုပ်ကိုင်ရန်**

**ခွင့်ပြုမိန့်**

